## ဝါဆိုအကြောင်း သိကောင်းစရာ

ဝါဆိုလပြည့်ကျော် (၁)ရက်နေ့တွင် တကမ္ဘာလုံးတွင်သီတင်းသုံးနေထိုင်တော်မူကြကုန်သော ထေရဝါဒ သာသနာ့ဝန်ထမ်း ရဟန်းတော်များ ဝါဆိုဝါကပ်တော်မူကြရပေသည်။ ပထမဝါဆိုသော ရဟန်းတော်များသည် ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှာ ဝါကပ်ကြပြီး သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှာ ဝါကျွတ်ပါသည်။ အကယ်၍ခရီးလွန်နေပါက ပထမဝါ (ပုရိမဝါ) မဆိုဖြစ်သော ရဟန်းတော်များသည် ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့တွင် ဒုတိယဝါ (ပစ္ဆိမဝါ) ဆိုတော်မူကြရပါသည်၊ ထိုရဟန်းတော်များသည် တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်မှာ ဝါကျွတ်ပါသည်။ ထူးခြားချက်မှာ ပထမဝါ (ပုရိမဝါ) ကျွတ်သော ရဟန်းတော်များသာ ကထိန်လျာသင်္ကန်းကို ခံယူနိုင်ပြီး ကထိန်အာနိသင် (၅)ပါးလည်း တပေါင်းတည်း ရရှိပါသည်။ ထိုအခွင့်အရေးမျိုး ဒုတိယဝါ (ပစ္ဆိမဝါ)ကပ်သော ရဟန်းတော်များ မရနိုင်ပါ။ သို့သော် ဝါအရေအတွက်အားဖြင့် အတူတူပင်ဖြစ်ပါသည် မလျှော့ပါ။

ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှာ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဉပေမိ=ဤကျောင်းတိုက်၌ ဝါတွင်း (၃)လပတ်လုံး သီတင်းသုံး နေထိုင်ပါမည်၊ ဝါကပ်ပါမည်"ဟု (၃)ကြိမ်ရွတ်ကာ ဝါဆိုကြရပါသည်။

အကြောင်းရှိပါက ဝါတွင်း ခရီးသွားကောင်းပုံ=

**သတင်းကြားလျှင် သွားကောင်းပုံ**= မိဘ ဆရာသမား သီတင်းသုံးဖော်(၅)ယောက် နေထိုင်မကောင်း ဖြစ် သည် ဟုသတင်းကြားပါက မပင့်သော်လည်း ဝါပန်၍ သွားကောင်းပါသည်။

**ပင့်မှသွားကောင်းပုံ**= ဒကာ ဒကာမများက "ဒါနဉ္စ ဒါတုံ၊ ဘိက္ခူ စ ပဿိတုံ၊ ဓမ္မဉ္စ သောတုံ=အလှူဒါန ပြုလို ၍၊ ရဟန်းတော်များကို ဖူးမြင်လို၍၊ တရားစကားနာကြားလို၍"ဟု လျှောက်ထားပြီး ပင့်ဖိတ်ပါက ဝါပန်၍ သွား ကောင်းပါသည်။

**သတင်းကြားကြား မကြားကြား၊ ပင့်ပင့် မပင့်ပင့်သွားကောင်းပုံ**= ရေ မီး မင်း စသောအန္တရာယ် (၁၀)ပါး တစ်ပါးပါးနှင့် ကြုံတွေ့ခဲ့သော် ဝါပန်၍ သွားကောင်းပါသည်။

မိမိသီတင်းသုံးရာ ကျောင်းတိုက်၏ ပရိဝုဏ်အတွင်းမှ "အန္တော သတ္တာဟေ ပဋိနိဝတ္တိဿာမိ-ဟုလည်းကောင်း အန္တော သတ္တာဟဗ္ဘန္တရေ ပစ္စာဂမိဿာမိ=တပည့်တော် (၇)ရက်အတွင်း ပြန်လာပါမည် ဟုလည်းကောင်း" ပါဠိကို ရွတ်ဆို၍ဖြစ်စေ၊ မြန်မာလိုဖြစ်စေ နှလုံးသွင်းကာ ဝါပန်၍သွားကောင်းပါသည်။ ထိုရဟန်းတော်သည် (၇)ရက်မြောက် အရုဏ်တက်မှာ မိမိသီတင်းသုံးရာ ကျောင်းတိုက်ကို ပြန်ရောက်အောင် လာရပါမည်။ သို့မဟုတ်ပါက ဝါကျိုး ဝါပျက်ဖြစ်သွားပြီး ကထိန်ခင်းဖို့ရန် ရည်ရွယ်ထားသော သင်္ကန်း (၃)ထည်ကိုလည်း အလှူမခံကောင်း၊ ကထိန်အာနိသင်လည်း မရတော့ပါ။ အခြံအရံဖြစ်သော သင်္ကန်းများကိုကား အလှူခံကောင်းပါသည်။

**နဝင်မီသွားကောင်းပုံ**= ပုရိမဝါကပ်သော ရဟန်းတော်များသည် သီတင်းကျွတ်လဆန်း (၉)ရက်နေ့တွင်အကြောင်း ရှိ၍ ခရီးသွားပါ (၇)ရက်အတွင်း မိမိသီတင်းသုံးရာ ကျောင်းတိုက်ကို ပြန်လာရန်မလိုအပ်တော့ပါ။

ထို့ကြောင့် ရှေးဆရာတော်ကြီးများက "**လဆန်း (၉)ရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပါ**"ဟု စပ်ဆိုတော်မူခဲ့ကြပါသည်။

**ဘျှင်ရနက (ဝိသုရက္ခ)**

Scanned by CamScanner